# ဘာသာပြန်သူရဲ့အမှာ

အစိုးရဝန်ထမ်းဖြစ်ဖြစ်၊ ကုမ္ပဏီဝန်ထမ်းဖြစ်ဖြစ်၊ လုပ်ငန်းရှင် တစ်ဦးရဲ့ဝန်ထမ်းဖြစ်ဖြစ် ဝန်ထမ်းဆိုရင် အလုပ်က တစ်ဖက်၊ ကိုယ့်မိသားစု ကိုယ်ရေးကိုယ်တာက တစ်ဖက် ချိန်ညှိပြီး ခရီး ဆက်နေကြရတာချည့်ပါပဲ။ အလုပ်ချည့်ပဲ ဖိလုပ်နေရင် ကိုယ့်ဘဝ ဟာ မိသားစု ဒါမှမဟုတ် ချစ်သူတွေနဲ့ ကင်းကွာကုန်ကြမှာ သေချာတယ်။

ဝန်ထမ်းမှပဲလားဆိုတော့ မဟုတ်သေးဘူး။ ကုမ္ပဏီပိုင်ရှင် တွေ၊ လုပ်ငန်းရှင်သူဌေးတွေမှာလည်း အလုပ်နဲ့ ကိုယ်ရေး ကိုယ်တာဆိုတာ ရှိနေတာပဲ။ ဒီ နှစ်ခုကို ဟန်ချက်ညီ ချိန်ညှိနိုင်ဖို့ ဒီစာအုပ်က အကြံပြုထားပါတယ်။

'ဘဝနဲ့ အလုပ်ကို ဟန်ချက်ညီ' လို့ ခေါင်းစဉ်ပေးပြီး ချိန်ညှိ နည်းတွေကို စနစ်တကျအကြံပြုထားတာဖြစ်ပါတယ်။ အလုပ် လည်း ရှိ၊ ဘဝလည်း ရှိသူတွေအားလုံး ဖတ်ရှုလေ့လာသင့်တဲ့ စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါတယ်။

ကျွန်တော်ကိုယ်တိုင်တောင် ဒီစာအုပ်ထဲက အကြံပြုချက် တွေအတိုင်း အနာဂတ်ကို တည်ဆောက်မယ်လို့ ဆုံးဖြတ်ဖြစ်ခဲ့ပါ တယ်။

*အောင်အေး(ရန်ကုန်တက္ကသိုလ်)*